# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 2 , 2022 Volume 58, Number 2


**၂.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၄၀၀ |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၉၆.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၇.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၈.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၉.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲများတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အရည်အသွေးကောင်းသည့် မြန်မာ့ဆန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဈေးကွက်သစ်များရှာဖွေရေး၊ ပြည်တွင်း၌ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် စိုက်ပျိုးတောင်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး စသည့်ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ (၁၃:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့ရှိ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပို့ကုန်မြှင့်တင်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ကြုံတွေ့နေရသော အခက်အခဲများအား လျှင်မြန်လွယ်ကူစွာဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းရှိ အရင်းအမြစ်များကို တိုးမြှင့်ဆောင်ရွက်၍ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်အောင် ဆောင်ရွက်ရေးနှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှု ကဏ္ဍမြှင့်တင်နိုင်မည့် နည်းလမ်းရှာဖွေရေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/% E1%80%99%E1%80%BC% E1%80%94%E1%80%BA%E1%8


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၉.၈.၂၀၂၂ မှ ၂.၉.၂၀၂၂ အတွင်း အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့၏ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ( ၂၉-၈-၂၀၂၂ မှ ၂-၉-၂၀၂၂ ) အတွင်း အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ(၂၉-၈-၂၀၂၂) တွင် အောင်ပန်းA1 ကျပ် ၁၃၀၀၊အောင်ပန်း OK ကျပ် ၁၅၀၀၊ အောင်ပန်းS1 ကျပ် ၁၆၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၁၀၀နှင့် တရုတ်အာလူး ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းA1 ကျပ် ၅၀၊ အောင်ပန်း S2 ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း S1 ကျပ် ၅၀ နှင့် အောင်ပန်း OK ကျပ် ၅၀ ဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၅၅ စီး ( ၃၃၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ( ၂၉-၈-၂၀၂၂ မှ ၂-၉-၂၀၂၂ ) အတွင်း ဆိတ်ဖြူနှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိသည်။ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ (၂၉-၈-၂၀၂၂) နေ့တွင် ဆိတ်ဖြူရှယ်(သစ်) ကျပ် ၂၉၀၀၊ ဆိတ်ဖြူလတ်ကြီး ကျပ် ၂၈၅၀၊ ဆိတ်ဖြူ လတ်သန့် ကျပ် ၂၇၅၀ နှင့် ဆိတ်ဖြူလတ်ချော ကျပ် ၂၂၅၀၊ မုံရွာ(ရှယ်)သစ် ကျပ် ၃၀၀၀၊ မုံရွာလတ်ကြီး ကျပ် ၃၀၀၀၊ မုံရွာလတ်ချော ကျပ် ၂၉၀၀ နှင့် မုံရွာလတ်သန့် ကျပ် ၂၄၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိတ်ဖြူရှယ်(သစ်) ကျပ် ၇၀၀၊ ဆိတ်ဖြူလတ်ကြီး ကျပ် ၆၅၀၊ ဆိတ်ဖြူလတ်သန့် ကျပ် ၅၅၀၊ ဆိတ်ဖြူလတ်ချော ကျပ် ၅၀၀၊ မုံရွာ(ရှယ်)သစ် ကျပ် ၈၅၀၊ မုံရွာ လတ်ကြီး ကျပ် ၇၅၀၊ မုံရွာလတ်ချော ကျပ် ၇၀၀ နှင့် မုံရွာလတ်သန့် ကျပ် ၅၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၉၃ စီး (၅၅၈၀၀၀ ပိဿာ)ခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၉-၈-၂၀၂၂ မှ ၂-၉-၂၀၂၂)အတွင်း ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ (၂၉-၈-၂၀၂၂ ) တွင် ကြူကုတ်ရှယ် ကျပ် ၄၄၀၀၊ အောင်ပန်းထူး-၂ ကျပ် ၂၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူကြူကုတ်ရှယ်ကျပ် ၆၀၀၊ အောင်ပန်းထူး- ၂ ကျပ် ၂၀၀ ၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၂၀၀ (၆၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: ပြည်တွင်းကုန်သွယ်မှုဌာနခွဲ (ရန်ကုန်)

## လယ်ယာသုံးစက်ပစ္စည်းကိရိယာနှင့်အကျုံးဝင်သည့် ကုန်စည်လိုင်းများအား သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်

စက်တင်ဘာ ၁ ရက်မှစတင်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာနှင့် အကျုံးဝင်သည့် ကုန်စည်လိုင်းများအား သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုကြောင်း ဩဂုတ် ၃၁ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၂) နှင့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၅/၂၀၂၂)တို့အရ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းစာရင်းတွင်ပါဝင်သည့် လယ်ယာသုံးစက်ပစ္စည်းကိရိ ယာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်နှင့်လယ်ယာသုံးစက်ကိရိယာများ တင်သွင်းမှုလွယ်ကူချောမွေ့စေရန်အတွက် ပူးတွဲပါကုန်စည်လိုင်းများအား ပြည်ပမှတင်သွင်းရာတွင် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ပူးတွဲပါကုန်စည်လိုင်းများအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့မှစတင်၍ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုအပ်ဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းရန်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

စိုက်ပျိုးရေးထွက်ကုန်များအတွက် အခြောက်ခံစက်၊ (စိုက်ပျိုးရေးနှင့် ဥယျာဉ်သုံး ရေ(သို့) ဆေးမှုတ်ကိရိယာ၊ ဆေးဖြန်းကိရိယာနှင့် အခြားကိရိယာ၊ စိုက်ပျိုးရေးဆေးဖြန်း၊ ဆေးမှုတ်ကိရိယာများ၏ အပိုပစ္စည်း)၊ (စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သည့် ရွှေ့လျားစက်၊ ပစ္စည်းသယ်ယူစက်)၊ (မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်းအတွက် စိုက်ပျိုးရေး၊ ထွန်၊ ပေါင်းရိတ်စက်၊ မျိုးစေ့ချစက်၊ မြေဩဇာဖြန့်စက်၊ အခြားစက်နှင့် ၎င်းစက်များအတွက် အပိုပစ္စည်း)များဖြစ်သည်။ (ရိတ်သိမ်းခြွေလှေ့စက်၊ ဝါခြွေစက်၊ အသီးသန့်စင်ရွေးချယ်စက်နှင့် ၎င်းစက်များ၏ အပိုပစ္စည်း)၊ (စက်ပစ္စည်းနှင့်တပ်ဆင်ထားသည့် စိုက်ပျိုးရေး၊ ဥယျာဉ်နှင့် မွေးမြူရေးသုံး မျိုးပေါက်စက်၊ ဥဖောက်စက်)၊ (စိုက်ပျိုးရေးသုံးအတွက် နောက်တွဲယာဉ်၊ တစ်ဝက်တစ်ပျက် နောက်တွဲယာဉ်) စသည်တို့အပြင် အခြားသော လယ်ယာသုံးစက်ပစ္စည်းနှင့်အကျုံးဝင်သည့် ကုန်စည်များလည်းပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/236734

## ကြက်သွန်နီဈေး ပုံမှန်တက်သည့်နှုန်းထက် ပိုတက်


https://greenwaymyanmar.com

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ ဈေးတက်မယ်ဆိုရင်တောင် ပုံမှန်အားဖြင့် တစ်ရက်ကို တစ်ပိဿာ ကျပ် ၁၀၀ ဝန်းကျင်လောက်သာ တက်တတ်တဲ့ ကြက်သွန်နီဈေးဟာ ဒီနေ့မှာတော့ နည်းနည်းအတက်ကြမ်းသွားပါတယ်။

ကြက်သွန်နီ ဆိပ်ဖြူရှယ်(သစ်) ဟာ ဒီနေ့(စက်တင်ဘာ ၂ ရက်)မှာ မနေ့ကထက် တစ်ပိဿာ ကျပ် ၃၅၀ ပိုတက်လာပြီး ၃၆၀၀ ကျပ် ဖြစ်သွားပါတယ်။ ကြက်သွန်နီ ဆိပ်ဖြူလတ်ကြီးဟာလည်း တစ်ပိဿာ ကျပ် ၂၅၀ ထပ်တက်လာပြီး တစ်ပိဿာကို ၃၅၀၀ ကျပ်ဖြစ်သွားပြီဖြစ်ပါတယ်။

လက်ရှိမှာ ကြက်သွန်နီဟာ အဝင်များပေမဲ့ အဝယ်သွက်နေပြီး ဝင်ရောက်လာတဲ့ ကြက်သွန်နီတွေဟာလည်း ပြတ်လပ်တဲ့အထိ အရောင်းအဝယ်ရှိနေတယ်လို့ စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) ရဲ့ သတင်းပေးပို့လာမှုအရ သိရပါတယ်။ လက်ရှိမှာ နွေကြက်သွန် ပစ္စည်းလက်ကျန်လျော့နည်းလာပြီဖြစ်ပြီး မကြာခင်မိုးကြက်သွန်နီတွေဈေးကွက်ထဲ ဝင်ရောက်လာတော့မှာဖြစ်လို့ ကြက်သွန်နီဈေးက စောင့်ကြည့်ရမယ့်အခြေအနေတော့ ဖြစ်နေပါတယ်။

ဒါပေမဲ့ လက်ရှိ မြန်မာ့ငွေကြေး ဈေးကျဆင်းနေမှုနဲ့အတူ အထွေထွေစရိတ်မြင့်တက်နေမှုကြောင့် ကြက်သွန်အသစ်ဈေးကွက်က လက်ရှိပေါက်ဈေးထက်တော့ လျော့နည်းနိုင်မှာမဟုတ်ကြောင်း ကြက်သွန်ကုန်သည်တွေက သုံးသပ်မှုတွေရှိနေတယ်လို့ AMIA က ဆိုထားပါတယ်။

ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ထပ်တက်မလာဘဲ မနေ့ကဈေးနှုန်းတွေအတိုင်းသာ ဆက်ရှိနေပါတယ်။ တောက်လျှောက်နီးပါး အတက်မှာရှိနေခဲ့တဲ့ မတ်ပဲနဲ့ပဲစင်းငုံဈေးနှုန်းတွေကတော့ လက်ရှိငွေလဲနှုန်း အနည်းငယ်ပြန်လည်ကျဆင်းသွားမှုနဲ့ ဈေးတွေပြန်ကျသွားပါတယ်။

**ရန်ကုန်ဘုရင့်နောင်ဈေးကွက် ကြက်သွန်နီဈေးနှုန်းများ (စက်တင်ဘာ ၂ ရက်)**

ကြက်သွန်နီ - ဆိပ်ဖြူရှယ်(သစ်) ( ၁ ပိဿာ) - ၃၆၀၀ ကျပ်

ကြက်သွန်နီ - ဆိပ်ဖြူလတ်ကြီး ( ၁ ပိဿာ) - ၃၅၀၀ ကျပ်

ကြက်သွန်နီ - ဆိပ်ဖြူလတ်သန့် ( ၁ ပိဿာ) - ၃၃၀၀ ကျပ်

ကြက်သွန်နီ - ဆိပ်ဖြူလတ်ချော ( ၁ ပိဿာ) - ၂၇၅၀ ကျပ်

**ရန်ကုန်ဘုရင့်နောင်ဈေးကွက် မတ်ပဲ၊ ပဲစင်းငုံနီဈေးနှုန်းများ (စက်တင်ဘာ ၂ ရက်)**

မတ်ပဲ (FAQ/RC - 2022) - ၁၉၈၀၀၀၀ ကျပ် (၁ တန်) ( ၁ တင်း - ၆၃၆၆၅)

မတ်ပဲ (SQ/RC - 2021) - ၂၂၉၀၀၀၀ ကျပ် (၁ တန်) ( ၁ တင်း - ၇၃၆၃၅)

ပဲစင်းငုံနီ (RC - 2022) - ၂၁၁၅၀၀၀ ကျပ် (၁ တန်) ( ၁ တင်း - ၆၈၀၀၀)

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Onion_High_Prices

## ဆန်စပါးအသစ်များပေါ်နေသော်လည်း အများကြီးဈေးကျနိုင်ချေမရှိဟု ကုန်သည်များသုံးသပ်



https://greenwaymyanmar.com/posts/Rice_Prices

ငွေလဲလှယ်နှုန်းဈေး ဆက်တိုက်မြင့်တက်မှုနဲ့အတူ ဝယ်ယူသိုလှောင်မှု များပြားတဲ့တွက် ဆန်စပါးဈေးက သိသိသာသာ မြင့်တက်ခဲ့တာဖြစ်ပါတယ်။ အခုလထဲမှာတော့ ပြင်ပငွေလဲဈေး အနည်းငယ်ပြန်လည်ကျဆင်းသွားပေမယ့် စက်တင်ဘာ ၂ ရက် ဈေးနှုန်းတွေထိတော့ ဆန်စပါးဈေးတွေ ပြန်ကျသွားတာမျိုးမရှိပါဘူး။

စပါးအသစ်တွေ အချို့ဒေသတွေမှာ ထွက်ရှိနေပေမယ့် ဈေးကအများကြီးတော့ ကျဆင်းနိုင်ခြေမရှိဘူးလို့ ကုန်သည်တွေကတော့ သုံးသပ်ပါတယ်။ ဆန်စပါးအသင်းကတော့ လက်ရှိမြင့်တက်နေတဲ့ ဆန်စပါးဈေးကိုထိန်းချုပ်ရန်အတွက် အရန်ဆန်စီမံကိန်းတစ်ခုကို ဆောင်ရွက်မယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

အခု ပြီးခဲ့တဲ့တစ်ပတ်အတွင်း ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်က တစ်အိတ်ကို ၃၉၀၀၀ ကနေ ၄၁၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ မြီးဒုံးဆန်က တစ်အိတ်ကို ၅၀၀၀၀ ကနေ ၅၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ငစိန်ဆန်က တစ်အိတ်ကို ၃၇၀၀၀ ကနေ ၃၉၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်၊ ဆန်သီးထပ်ဆန်ကတော့ တစ်အိတ်ကို ၄၁၀၀၀ ကနေ ၄၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀ ကျပ် အသီးသီး ဈေးတက်လာခဲ့တာဖြစ်ပါတယ်။

ဆန်ချောတွေထဲကတော့ ပေါ်ကျွဲဖျာပုံ(သစ်)က သိသိသာသာဈေးတက်ခဲ့ပြီး ၄၅၀၀၀ - ၄၈၀၀၀ ဈေးရှိနေရာကနေ ပြီးခဲ့တဲ့တစ်ပတ်အတွင်း ၅၃၀၀၀ - ၅၅၀၀၀ ဈေးဖြစ်သွားတာပါ။ ရွှေဘိုပေါ်ဆန်း(သစ်)ကတော့ ၇၈၀၀၀ - ၈၃၀၀၀ ကြား ဈေးရှိနေရာကနေ ၈၃၀၀၀ - ၉၁၀၀၀ ဈေး ဖြစ်သွားခဲ့တာဖြစ်ပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့်ဈေးကွက်သုံးသပ်ချက်ကို ဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Rice_Prices

## အင်ဒိုနီးရှား စားအုန်းဆီကြမ်း တင်ပို့ခွန်အခမဲ့ ပြောင်းလဲသတ်မှတ်




https://www.foodindustrydirectory.com.mm

စားအုန်းဆီစိုက်ခင်းရန်ပုံငွေ စီမံခန့်ခွဲမှုအေဂျင်စီ (BPDPKS) ၏ ဦးဆောင်ကော်မတီသည် စားအုန်းဆီကြမ်း (CPO) နှင့် ၎င်း၏ဆင့်ပွားကုန်စည်များအပေါ် တင်ပို့မှုစည်းကြပ်ခွန် ယာယီဖျက်သိမ်းရေးအား အတည်ပြုခဲ့ပြီး၊ အောက်တိုဘာလအထိ နောက်ထပ် ၂ လ သက်တမ်းတိုးပေးလိုက်ပါသည်။

ဘဏ္ဍာရေးဝန်ကြီး Sri Mulyani က စားအုန်းဆီကြမ်းနှင့် ၎င်း၏ ဆင့်ပွားကုန်စည်များအတွက် BPDPKS တင်ပို့မှုအခွန်စည်းကြပ်မှုကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ ဩဂုတ်လ၊ ၃၁ ရက်နေ့အထိ သုည သို့မဟုတ် အခမဲ့ အဖြစ် သတ်မှတ်ခဲ့ရာမှ၊ ယခုအခါ အောက်တိုဘာလအထိ သက်တမ်းတိုးမြှင့်ပေးခြင်း ဖြစ်ပါသည်။ "ပို့ကုန်စည်းကြပ်ခွန်ကာလ တိုးမြှင့်ခြင်းမှာ လက်ရှိအရှိန်အဟုန်ကို ထိန်းထားနိုင်ရန်ရည်ရွယ်ကြောင်း၊ စားအုန်းဆီကြမ်း ဈေးနှုန်းများ တည်ငြိမ်နေချိန်တွင် ဟင်းချက်ဆီဈေးနှုန်းများ စတင်ကျဆင်းလာပြီး၊ (ဆီအုန်းအလုံးလိုက်အပါအဝင်) လတ်ဆတ်သောသစ်သီးစုံ(FFB) ဈေးနှုန်းများ စတင်မြင့်တက်လာရာ၊ စိုက်ပျိုးသူများ သို့မဟုတ် လယ်သမားများ၌ အကျိုးဖြစ်ထွန်းလာသည်ဟု စတင်ခံစားရလာကြောင်း" စီးပွားရေးဆိုင်ရာညှိနှိုင်းရေးဝန်ကြီး Airlangga Hartarto က ဩဂုတ်လ (၂၉) ရက်နေ့တွင် ရေးသားဖော်ပြထားသည်။

အခမဲ့တင်ပို့ခွန်ကို သက်တမ်းတိုးမည့်ဆုံးဖြတ်ချက်အား တုံ့ပြန်သည့်အနေဖြင့် စားအုန်းဆီတောင်သူများသမဂ္ဂ (SPKS) ၏ အထွေထွေအတွင်းရေးမှူး Mansuetus Darto က အစိုးရ၏ ဆောင်ရွက်မှုမှာ တောင်သူလယ်သမားများ၏ လတ်ဆတ်သော သစ်သီးစုံဈေးနှုန်းကိုပံ့ပိုးရန် အပြုသဘောဆောင်ကြောင်း၊ သို့ရာတွင် အကဲဖြတ်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့်

K Index ကဲ့သို့ FFB ၏ ဈေးနှုန်းကို တွက်ချက်သည့် ယန္တရားမျိုးဖြစ်ကြောင်း၊ ပုဂ္ဂလိက အုန်းဆီကြိတ်လုပ်ငန်းများမှာ လယ်သမားဈေးနှုန်းထဲ၌ ပါဝင်နေသဖြင့် လယ်သမားများဘက်မှ လက်ခံရရှိသောဈေးနှုန်းကို လျှော့ချပစ်သည်ကို သတိပြုရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

**Source: cnbcindonesia**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4930-indonesia-crude-palm-oil-export-tax-free-change.html

## အပူလှိုင်းနှင့်မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံအထွက်နှုန်း ကျဆင်းမှုမရှိစေရေး တရုတ်နိုင်ငံက အလေးထားဆောင်ရွက်နေ

တရုတ်နိုင်ငံသည် အပူလှိုင်းကျရောက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး နိုင်ငံ၏ဆောင်းဦးရာသီ ကောက်ပဲသီးနှံများ ရိတ်သိမ်းမှုတွင် စိန်ခေါ်မှုများရှိနေသဖြင့် ဖြစ်ပေါ်လာနိုင်သည့် သီးနှံပျက်စီးဆုံးရှုံးမှုများကို ဖြေရှင်းနိုင်ရန် သီးနှံအဓိက ထွက်ရှိသော တောင်ပိုင်းဒေသအချို့သို့ ကျွမ်းကျင်သူအဖွဲ့များ စေလွှတ်ထားရသည်ဟု သိရပါသည်။

ပြီးခဲ့သည့်လမှစတင်၍ တရုတ်နိုင်ငံတောင်ပိုင်း၏ ဒေသအများစုတွင် အပူလှိုင်းများ ကျရောက်ခဲ့ပြီး မိုးရေသီးသန့်ဖြင့် ရေသွင်းစိုက်ပျိုးသည့် တောင်ကုန်းများတွင် ကာလကြာရှည် မိုးခေါင်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ သိရသည်။

တရုတ်နိုင်ငံ မိုးလေဝသစီမံခန့်ခွဲရေးမှ လာမည့်နှစ်ပတ်အတွက် ခြောက်သွေ့ဦးမည်ဟု ခန့်မှန်းချက်အရ ဝန်ကြီးဌာနက စပါးအဓိကထွက်ရှိသော ပြည်နယ်များသို့ ကျွမ်းကျင်ပညာရှင် အဖွဲ့ ၁၀ ဖွဲ့နှင့် နည်းပညာရှင်များပါဝင်သည့် ပံ့ပိုးကူညီပေးမည့် အဖွဲ့ ၁၂ ဖွဲ့ကို စေလွှတ်ထားပါသည်။ မိုးခေါင်ရေရှားပြီး ပျက်စီးဆုံးရှုံးမှုမှ ဆိုးကျိုးသက်ရောက်မှုများကို သက်သာစေရန်နှင့် ကောက်ပဲသီးနှံဆုံးရှုံးမှုကို ရှောင်ရှားရန် အရေးပေါ်လမ်းညွှန်ချက်တစ်စောင်ကိုလည်း ဩဂုတ်လ ၁၃ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

ကောက်ပဲသီးနှံများမှာ အပူချိန်နှင့်အစိုဓာတ် အပြောင်းအလဲများကို အထိခိုက်မခံတတ်သောကြောင့် တရုတ်နိုင်ငံတောင်ပိုင်းတွင် လက်ရှိစပါးသီးချိန်နှင့် အပွင့်ပွင့်ချိန်မှာ စုစုပေါင်း ထုတ်လုပ်မှုအတွက် အရေးကြီးသောအချိန်ဖြစ်နေပါသည်။ မြင့်မားသောအပူချိန်နှင့် မိုးခေါင်မှုက အပင်များ၏ ရင့်မှည့်မှုနှုန်းကို ထိခိုက်စေသောကြောင့် ပညာရှင်များသည် မတူညီသော ဒေသများအလိုက် အစီအစဉ်များ ပြုလုပ်ရန်လိုအပ်ကြောင်း၊ အပူဒဏ်မှ ခံနိုင်ရည်ပိုမိုရှိစေရန် စပါးအတွက် ရေပုံမှန်ပေးခြင်းနှင့် မြေသြဇာဖြန်းပေးခြင်းစသည့် အစီအမံများကိုဆောင်ရွက်ခြင်းဖြင့် ဝတ်မှုန်များကြွေလွင့်ခြင်းမှ ကာကွယ်နိုင်ကြောင်း အရေးပေါ်လမ်းညွှန်ချက်တွင် ဖော်ပြထားပါသည်။

ဟူနန်ပြည်နယ်မြို့တော်ကျန်းရှရှိ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဌာနမှ တာဝန်ရှိသူ Xia Liming က တရုတ်နိုင်ငံအတွင်းရှိ အဓိက ဆန်စပါးထွက်ရှိရာဒေသများတွင် မိုးခေါင်ရေရှားမှုကို တိုက်ဖျက်မည့်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်လျက်ရှိပါသည်။ ၎င်း၏ပြောကြားချက်အရ အပူချိန်ထိန်းညှိရန် ရေကိုအသုံးပြုခြင်းမှာ အပူဒဏ်ကိုကာကွယ်နိုင်ပြီး လယ်မြေများရှိ ရာသီဥတု ဝန်းကျင်ကို တိုးတက်စေကြောင်း၊ ရေအရင်းအမြစ် အလုံအလောက်ရှိသောဒေသများတွင် နေ့ဘက်တွင် ရေသွင်းခြင်းနှင့် ညအချိန်တွင် ရေထုတ်ပေးခြင်းက လယ်အပူချိန်ကို လျော့နည်းစေကြောင်း၊ ထို့အပြင် နေ့လယ်အချိန်တွင် အပင်ကာကွယ်ရေး ဒရုန်းများဖြင့် ပုံမှန်ဖြန်းပေးခြင်းသည် လယ်ကွင်း၏ စိုထိုင်းဆကိုတိုးစေပြီး စပါးပင်များ၏ အပူချိန်ကို လျှော့ချနိုင်ကာ မိုးခေါင်မှုနှင့် အပူလှိုင်းများ၏ သက်ရောက်မှုများကို သက်သာစေနိုင်ကြောင်း၊ သိပ္ပံနည်းကျ မျိုးစပ်ထားသည့် စပါးကလည်း မိုးခေါင်မှုဒဏ်ကို ခံနိုင်ရည်ရှိစေကြောင်း၊ အပူလှိုင်းကျရောက်ခြင်းနှင့် မိုးခေါင်ခြင်းတို့က အပင်ရောဂါများကို ဖြစ်ပွားစေနိုင်သောကြောင့် အေးသောအချိန်များတွင် ပိုးသတ်ဆေးကို ရေများများဖြင့် ရောစပ်၍ ဖြန်းပေးခြင်းက ပိုးမွှားများကို ကာကွယ် ထိန်းချုပ်ရာတွင် အထောက်အကူ ဖြစ်စေကြောင်း ၎င်းကဆိုသည်။

သီးနှံများ ကြီးထွားမှုအပေါ် ဂရုတစိုက် ဆက်လက်စောင့်ကြည့်ကာ၊ အပူရှိန်ပြောင်းလဲမှု ကြိုတင်သတိပေးချက်များနှင့် စောင့်ကြည့်ထိန်းကျောင်းနိုင်မှုများကိုလည်း အားကောင်းခိုင်မာစေရန် အစိုးရက ဒေသအာဏာပိုင်များအား တိုက်တွန်း

ထားသည်။ မြေဆီလွှာအစိုဓာတ်ကို အနီးကပ်စောင့်ကြည့်ခြင်းမှာလည်း အပူဒဏ်နှင့်မိုးခေါင်မှုဒဏ်တို့၏ အကျိုးသက်ရောက်မှုကို သိပ္ပံနည်းကျအကဲဖြတ်ရာတွင် သိပ္ပံပညာရှင်များအား အထောက်အကူဖြစ်စေနိုင်သည်ဟု ဝန်ကြီးဌာနက မှတ်ချက်ပြု ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် စပါးရိတ်သိမ်းမှု အဆင်မပြေသည့်ဒေသများသို့ မျိုးစေ့နှင့်ဓာတ်မြေဩဇာများကဲ့သို့သော ကယ်ဆယ်ရေးပစ္စည်းများချထားပေးရန် ဒေသအာဏာပိုင်များကို ဝန်ကြီးဌာနက တိုက်တွန်းထားပြီး ကြီးထွားမှုတိုတောင်းသော စက်ဝန်းရှိသည့် သီးနှံများပြောင်းလဲစိုက်ပျိုးရန် တောင်သူများကို လမ်းညွှန်ထားပါသည်။

ယခုနှစ်တွင် ဆောင်းဦးရာသီစိုက် ကောက်ပဲသီးနှံရိယာများအနက် ပြောင်း၊ စပါးနှင့် ပဲပုပ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ယခင်နှစ်နှင့်တူညီကြောင်း၊ အရေးကြီးသောကာလဖြစ်သည့် ဩဂုတ်လနှင့်စက်တင်ဘာလများတွင် ကောက်ပဲသီးနှံထုတ်လုပ်မှု၌ သဘာဝဘေးဒဏ်နှင့် အပင်ရောဂါများ၏ အကျိုးသက်ရောက်မှုကို အနီးကပ် အထူးဂရုပြုရန်လိုအပ်ကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ ပြောရေးဆိုခွင့်ရှိသူ Fu Linghui က ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဩဂုတ်လ ၁၂ ရက်နေ့အထိ ကာလအတွင်း အန်းဝေပြည်နယ်က မိုးခေါင်ရေရှားမှုကို တိုက်ဖျက်ရန်အတွက် လယ်မြေဧက ၁.၃ သန်းကျော်တွင် ပျိုးပင်ကာကွယ်ရေးနှင့် သိပ္ပံနည်းကျ လယ်ကွင်းစီမံခန့်ခွဲမှုတို့ကို ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ မကြာသေးမီက ပြည်နယ်စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဦးစီးဌာနမှ လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းကာ မြို့ကြီး ၁၆ မြို့ထံကွင်းဆင်း၍ လယ်ယာမြေစီမံခန့်ခွဲမှု အားကောင်းလာစေရန်နှင့် စပါးနှင့်အခြားသီးနှံများ အပူဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများ လျှော့ချရေးအတွက် ကြိုးကြပ်ဆောင်ရွက်နေကြောင်း သတင်းရရှိပါသည်။

**Source: chinadaily**

**ဒေါက်တာရွှေစင်ကို (ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4925-china-is-working-hard-to-ensure-that-crop-yields-do-not-decline-due-to-heat-waves-and-droughts.html

## ကုန်ပစ္စည်းသင်္ဘောတင်ခ၊ ကုန်ပစ္စည်းစစ်ဆေးခနှင့်ကော်မရှင်ခများကို ပို့ကုန်ရငွေ ၃၅ ရာခိုင်နှုန်းမှသာ ကိုယ်ပိုင်အစီအစဉ်ဖြင့်သုံးစွဲရန်နှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီသို့ တင်ပြတောင်းခံခြင်းမပြုရန် ကုန်သွယ်ရေးဦးစီးဌာနထုတ်ပြန်

ကုန်ပစ္စည်းသင်္ဘောတင်ခ၊ ကုန်ပစ္စည်းစစ်ဆေးခနှင့်ကော်မရှင်ခများအား ပို့ကုန်ရငွေ ၃၅ ရာခိုင်နှုန်းမှသာ ကိုယ်ပိုင်အစီအစဉ်ဖြင့်သုံးစွဲရန်နှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီသို့ တင်ပြတောင်းခံခြင်းမပြုရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ပို့ကုန်တင်ပို့သူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် ကုန်ကျလျက်ရှိသည့် ကုန်ပစ္စည်းသင်္ဘောခ၊ ကုန်ပစ္စည်းစစ်ဆေးခနှင့်ကော်မရှင်ခများအား ပို့ကုန်ရငွေ ၃၅ ရာခိုင်နှုန်းမှသာ ကိုယ်ပိုင်အစီအစဉ်ဖြင့် သုံးစွဲစေရန်နှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ (FESC) အစည်းအဝေးသို့ တင်ပြတောင်းခံခြင်းမပြုရန် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီအစည်းအဝေးအမှတ်စဉ်(၄၃/၂၀၂၂) မှ ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီအစည်းအဝေး၏ လမ်းညွှန်ချက်အား တိကျစွာလိုက်နာဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာအသင်းများသို့ အသိပေးညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သော ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၂) အရ ပို့ကုန်တင်ပို့သူများသည် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ရာခိုင်နှုန်းကိုသာ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။ ကျန်ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းကို ပို့ကုန်တင်ပို့သူအနေဖြင့် မိမိကိုယ်တိုင်အတွက်သုံးစွဲခြင်း၊ AD လိုင်စင်ရဘဏ် မဟုတ်သော အခြားသူများထံသို့ လွှဲပြောင်းခြင်း၊ AD လိုင်စင်ရဘဏ်များသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဒေါ်လာမှ ကျပ်ငွေသို့ လဲလှယ်မှုမှ ကင်းလွတ်ခွင့်ပြုထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်၏ ပြည်ပမှ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော ဝင်ငွေပမာဏ၏ ၁၀၀ ရာခိုင်နှုန်းအား ပြန်လည်ရောင်းချခွင့်ပြုကြောင်း သြဂုတ် ၁၅ ရက်နှင့် ၁၆ ရက်စွဲများဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ရည်ညွှန်းချက် (၁) ပါ အမိန့်ကြော်ငြာစာမှ ကင်းလွတ်ခွင့်ပြုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်၏ ပြည်ပမှ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော ဝင်ငွေများနှင့်စပ်လျဉ်း၍ အဆိုပါကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အနေဖြင့် မိမိကိုယ်တိုင် အတွက်သုံးစွဲခြင်း၊ AD လိုင်စင်ရဘဏ်မဟုတ်သော အခြားသူများထံသို့ ရောင်းချခြင်း၊ AD လိုင်စင်ရဘဏ်များသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

သြဂုတ်လ ၁၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသော ထုတ်ပြန်ချက်နှစ်ခုအရ ကျပ်ငွေသို့လဲလှယ်မှုမှ ကင်းလွတ်ခွင့်ရရှိထားသော ပို့ကုန်ရငွေ ၃၅ ရာခိုင်နှုန်းနှင့် ၁၀၀ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့က ၎င်းကိုယ်တိုင်အတွက်သုံးစွဲခြင်းပြုရာတွင် နိုင်ငံဖြတ်ကျော်ဆောင်ရွက်သည့် Cross Border Transaction ကိုလည်းကောင်း၊ ၎င်းတို့ထံမှ ဝယ်ယူထားသည့် နိုင်ငံခြားငွေများကို မိမိကိုယ်တိုင်အတွက် သုံးစွဲခြင်းပြုရာတွင် နိုင်ငံဖြတ်ကျော်ဆောင်ရွက်သည့် Cross Border Transaction ကိုလည်းကောင်း၊ နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်ကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**Source:** https://news-eleven.com/article/236689

## STOCK EXCHANGE (2.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,800 | +300 | +4.00% | 7,600 | 7,800 | 7,600 | 4,449 | 34,366,500 | 33,109,694 | 258,256 |
| MTSH | 00002 | 3,000 | +350 | +13.21% | 2,650 | 3,000 | 2,650 | 14,527 | 41,597,900 | 38,929,150 | 116,787 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 430 | 3,053,000 | 10,400,986 | 73,848 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 1 | 18,500 | 2,472,053 | 45,733 |
| TMH | 00005 | 2,450 | +100 | +4.26% | 2,350 | 2,450 | 2,350 | 472 | 1,122,850 | 12,823,224 | 31,417 |
| EFR | 00006 | 2,600 | +150 | +6.12% | 2,550 | 2,600 | 2,550 | 35 | 89,350 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +100 | +2.04% | 4,900 | 5,000 | 4,900 | 4,009 | 19,645,000 | 10,497,598 | 52,488 |

### Market summary

As of 2nd Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.42 | +16.61 | +4.80% | 346.96 | 362.42 | 346.96 | 23,923 | 99,893,100 | 7 | 630,470 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 2nd Sep. 2022

| MYANPIX | 362.42 ▲ 16.61 |
|---|---|
| Total Volume (shares) | 23,923 |
| Total Value (MMK) | 100 mil |
| Listed Company | 7 |
| Market Cap. (MMK) | 630,470 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,800 | ▲ 300 |
| MTSH | 00002 | 3,000 | ▲ 350 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 100 |
| EFR | 00006 | 2,600 | ▲ 150 |
| AMATA | 00007 | 5,000 | ▲ 100 |

TIR